## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၂၃)
# ငရဲဆိုသည်မှာ မည်သည့်အရာဖြစ်သနည်း၊ အဘယ်မှာရှိသနည်း

ကျောင်းသားများစာသင်ခန်းထဲသို့ဝင်လာသောအခါ အကျိုးမရှိသောပစ်ခတ်မှုကြောင့် အတန်းသားတော်တော်များများသေဆုံးသွားပါသည်။ ညည်းညည်းညူညူဖြင့်နေတတ်သောဝန်ထမ်းတစ်ဦးသည် အလုပ်မှထုတ်ပစ်ခြင်းခံရသောအခါ မိမိလုပ်ငန်းခွင်သို့ သေနတ်ကိုင်ဆောင်ကာ သူ၏ဆရာနှင့်လုပ်ဖော်ဆောင်ဘက်များကိုပစ်သတ်လိုက်သည်။ မိခင်တစ်ဦးသည် ကားထဲ၌ရှိသောကလေးငယ်နှစ်ဦးနှင့် ကားကိုရေကန်ထဲသို့တွန်းချလိုက်သောကြောင့် ကလေးငယ်နှစ်ဦးရေနစ်သေဆုံးသွားသည်။

အာဖရိကတိုက်နှင့်ဥရောပတိုက်နှစ်ခုတွင် လူမျိုးရေးနှင့်ပတ်သက်၍ ထောင်ပေါင်းများစွာသောယောကျ်ားများ၊ မိန်းမများရက်စက်စွာအသတ်ခံရပါသည်။ အချို့သောနှစ်ရာပေါင်းများစွာအတွင်းတွင် လူမျိုးရေးအဓိကရုဏ်းများကြောင့် ဒေါသရန်ငြိုးပေါက်ကွဲလာသောကြောင့်ဖြစ်သည်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ မွေးကင်းစများပင်မချန်ဘဲ သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ဓါးဖြင့်ထိုးခုတ်သတ်ခြင်း၊ တူနှင့်အရိုက်ခံရခြင်း၊ မုဒိမ်းအကျင့်ခံရခြင်းများဖြစ်ပေါ်လာသည်။ ဤကဲ့သို့လူသတ်သမားများကိုသေဒဏ်များပေးရန် အများကစီရင်ဆုံးဖြတ်သော်လည်း မြောက်မြားစွာသောအခြားလူတို့သည် သေဒဏ်မပေးသင့်ကြောင်း၊ ထိုကဲ့သို့သောအပြုအမူများကို လူမဆန်သောတရားမဲ့အယူဝါဒများဟုပြစ်တင်ကြသည်။ အချို့သောသူတို့၏မေးခွန်းထုတ်ခြင်းမှာ ဤလူသတ်သမားကိုခွင့်လွှတ်နိုင်ရန် အလားအလာရှိပါသလားဟုမေးခဲ့ကြသည်။ အချို့သောလူသတ်သမားများကို မည်ကဲ့သို့လူလူချင်းစာနာသောစိတ်ဖြင့် အပြစ်စီရင်မည်နည်း။ လျှပ်စစ်ကုလားထိုင်ပေါ်တွင်တင်၍သတ်လျှင် သင့်လျော်ပါမည်လား (သို့တည်းမဟုတ်) မနာမကျင်ဘဲ အဆိပ်ဖြင့်ဆေးထိုးသတ်လျှင် သင့်လျော်ပါမည်လား။ အချို့သောသူတို့သည်ကြိုးမိန့်ပေးသတ်လျှင် အကောင်းဆုံးနှင့်အမြန်ဆုံးသေခြင်းဖြစ်ကြောင်း အကြံပေးကြသည်။ ဤကဲ့သို့သေခြင်းအမိန့်များကိုအပြန်အလှန်ဝေဖန်သုံးသပ်သောအခါ ဘယ်သူမျှရက်စက်သောနည်းဖြင့် သတ်ရန်အကြံမပြုပါ။ သို့ရာတွင် အထူးသတိပြုရန်တစ်ခုမှာ ကြိုးမိန့်ခံရမည့်လူများတို့သည် အခြားသူများကိုသတ်ခဲ့သောအခါ ရက်စက်ကြမ်းကြုတ်စွာဖြင့်လည်းကောင်း၊ ကိုယ်ချင်းမစာနာတတ်ဘဲ အညှိုးဖြင့်လူလူချင်းမစာနာတတ်သောစိတ်ဖြင့် နာကျင်စွာသတ်ဖြတ်ခဲ့သောသူများဖြစ်သည်။ အဘယ်သူမျှဤကဲ့သို့ဆိုးသွမ်းရက်စက်သောလူသတ်သမားများတို့ကို စိတ်အေးအေးဖြင့်မီးရှို့သတ်ဖြတ်ရန်အကြံမပေးခဲ့ပါ။ မြောက်မြားစွာသောစိတ်စေတနာမှန်သည့်ခရစ်ယာန်များတို့သည် အဖဘုရားသခင်က အပြစ်သားများတို့ကိုစီရင်သောအခါ အထက်ဖော်ပြထားသောလူသတ်သမားများထက်ပို၍ဆိုးမည်ဟုသဘောပေါက်ထားကြသည်။ သူတို့၏အမြင်မှာ အပြစ်သားများတို့သည် ရက်စက်စွာ၊ နာကျင်စွာညှဉ်းဆဲပြီးမှ သူတို့၏အပြစ်အတွက်နှင့်သင့်လျော်မည်ဟုယူဆသည်။ ထို့အပြင် ခရစ်ယာန်များတို့၏စိတ်ကူးအမြင်တစ်ခုမှာ ဘုရားသခင်သည် နေရာတစ်ခုကိုသတ်မှတ်ကာ အဆုံးအစမရှိသောညှဉ်းပန်းနှိပ်စက်မှုကိုပြုလုပ်မည်ဟုယူဆ

သည်။ ဤအပြစ်သားများတို့သည် အမှန်တကယ်မည်ကဲ့သို့စီရင်မည်နည်း။ သူတို့၏ကံကြမ္မာကြီးသည် ဘုရားသခင်၏ မေတ္တာနှင့်တရားစီရင်မှုကို မည်ကဲ့သို့အကွက်ဆင်ကာညှိနှိုင်းမည်နည်း။

## ၁။ ခရစ်တော်၏နောက်ဆုံးအသည်းကွဲရခြင်း

လွန်ခဲ့သောနှစ်ပေါင်းခြောက်ထောင်ကတည်းက ဘုရားသခင်သည် လူယောကျ်ား၊ မိန်းမတို့အား အပြစ်မပြုလုပ်ရန်သွန်သင်ဆုံးမထိန်းကျောင်းခဲ့ပါသည်။ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေခံခြင်းအမှုကိုငါနှစ်သက်သည်မဟုတ်၊ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာငါနှစ်သက်၏။ အိုဣသရေလအမျိုးသားတို့၊ သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့။ အဘယ်ကြောင့်အသေခံလိုကြသနည်း။" (ယေဇကျေလ ၃၃း၁၁)။

လက်ဝါးကပ်တိုင်သည် ဘုရားသခင်ကယ်တင်ခြင်းပေးသောလူတို့အဖို့ မည်မျှအကျိုးဖေါ်ထုတ်သည်ကိုပြသည်။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အိုးအဘ၊ သူတို့၏အပြစ်ကိုခွင့်လွှတ်ပေးပါ။ သူတို့ပြုလုပ်သောအရာကို သူတို့မသိပါဟုကြွေးကြော်ခဲ့ပါသည်။ မိမိ၏နှလုံးသားအတွင်း၌ရှိသောမေတ္တာကို အကုန်အစင်ဖေါ်ထုတ်ပြသခြင်းဖြစ်သည်။ (လုကာ ၂၃း၃၄)။ နောက်မရှေးမနှောင်းတွင် အသက်တော်ကိုချုပ်ခဲ့ပါသည်။ အများသောသူတို့၏ယုံကြည်ချက်တစ်ခုမှာခရစ်တော်သည်အသည်းကွဲ၍ သေဆုံးသည်ဟုယူဆသည် (ယောဟန် ၁၉း၃၀၊ ၃၄)။

ဤကဲ့သို့တန်ခိုးကြီးသောသွန်သင်ပြသမှုအပြည့်အဝနှင့်ကြီးမားသောမေတ္တာတော်ကိုပြသခဲ့သည်။ သို့ရာတွင် မြောက်မြားစွာသောလူတို့သည် ခရစ်တော်ထံသို့လာမည်မဟုတ်ပါ။ ထို့ကြောင့် အပြစ်သည်ဤကမ္ဘာကြီးကိုစိုးမိုးကာ လူအများတို့၏အခက်ကြုံမှုကိုဖန်တီးဦးမည်ဖြစ်ပါသည်။ ထို့ကြောင့် အပြစ်ကိုအဆုံးသတ်စီရင်ရမည်။ ဘုရားသခင်သည် အပြစ်ကိုမည်ကဲ့သို့အဆုံးသတ်မည်နည်း။ "သူခိုးသည် ညအခါလာသကဲ့သို့ ထာဝရဘုရားသခင်၏နေ့ရက်သည်လာလိမ့်မည်။ ထိုနေ့၌ မိုးကောင်းကင်သည်ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓါတ်တို့သည်ပူအားကြီး၍ ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည်ကျွမ်းလောင်ကြလိမ့်မည်" (၂ပေ ၃း၁၀)။

ဘုရားသခင်သည် နောက်ဆုံးတွင်ဤစကြဝဠာကြီးကိုသန့်စင်ပစ်မည်ဟုသတ်မှတ်ကာ စာတန်နတ်ဆိုးကိုပါဖျက်ဆီးပစ်မည်ဟုရေးသားဖေါ်ပြကာ မှတ်တမ်းတင်ထားခဲ့ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ခရစ်တော်သည် မီးဖြင့်သေဆုံးသောသူများကိုမြင်သောအခါ ထိုသူတို့ပင်လျှင် မိမိအသက်တာကိုလက်ဝါးကပ်တိုင်ပေါ်၌ပေးခဲ့ကြောင်း မြင်ခဲ့သောအခါ စိတ်မချမ်းသာခြင်းခံစားရခဲ့ပါသည်။

## ၂။ ငရဲသည်မည်သည့်အချိန်နှင့်မည်သည့်နေရာတွင်မီးလောင်ကျွမ်းမည်နည်း

အများယုံကြည်သောဆန့်ကျင်ဘက်တစ်ခုမှာ ဘုရားသခင်သည် ငရဲဟုခေါ်သောနေရာ၌မီးမလောင်ကျွမ်းစေခဲ့ပါ။ ငရဲဟုအမည်နာမမှည့်ခေါ်ရခြင်းမှာ ဤကမ္ဘာကြီးသည် တစ်နေ့မီးဖြင့်ဆေးကြောသောအခါ၌သာဖြစ်မည်။ ဘုရားသခင်သည်အပြစ်သားများကိုအနှစ်တစ်ထောင်အဆုံးမီးဖြင့်စီရင်သောအခါသာ ဤကမ္ဘာကြီးကိုငရဲဟုခေါ်နိုင်မည် (ဗျာ၊ ၂၀း၉–၁၅)။ "ဘုရားဝတ်၌မွေ့လျော်သောသူတို့ကိုစုံစမ်းနှောင့်ယှက်ခြင်းအထဲကကယ်နုတ်ခြင်းငှါလည်းကောင်း၊ မတရားသောသူတို့ကိုဒဏ်ခံစေမည်အကြောင်းညစ်ညူးသောတပ်မက်ခြင်းကိလေသာနှင့်တကွ–––အထူးသဖြင့်ဒဏ်ခံစေမည့်အကြောင်း တရားဆုံးဖြတ်သောနေ့အဖို့ ချုပ်ထားခြင်းငှါလည်းကောင်း၊ ထာဝရဘုရားသခင်သည်တတ်နိုင်တော်မူ၏။–––" (၂ပေ ၂း၉၊ ၁၀)။ ထာဝရဘုရားသခင်သည် ဤကမ္ဘာကြီးကိုမီးအားဖြင့်ဆေးကြောသန့်စင်တော်မူမည်။ "ယခုရှိသောမိုးကောင်းကင်

နှင့်မြေကြီးမှကား တရားဆုံးဖြတ်၍အပြစ်သားလူတို့ကိုဖျက်ဆီးသောနေ့ရက်တိုင်အောင် ထိုနှုတ်ထွက်စကားအားဖြင့် သိုထားလျက်ရှိ၍ မီးရှို့ခြင်းအဖို့အလို့ငှါ နေရစ်သတည်း။" (၂ပေ ၃း၇)။

ဘုရားသခင်သည် လူများတို့၏အသက်တာကိုမီးငရဲ၌မည်သည့်အခါမျှအဆုံးစီရင်ရန်အကြံအစည်မရှိပါ။ သို့ရာတွင် လူများသည် စာတန်နှင့်အဆက်မဖြတ်ဘဲ အပြစ်ကိုစွဲကိုင်ပွေ့ဖက်သောကြောင့် နောက်ဆုံးတွင်လူတို့ရွေးချယ်သည့်အတိုင်း ဆိုးကျိုးကိုခံရမည်ဖြစ်သည်။ "ထိုအခါ လက်ဝဲတော်ဘက်၌ရှိသောသူတို့အား မင်းကြီးက ကျိန်ခြင်းကိုခံရသောသူတို့၊ စာတန်နတ်ဆိုးနှင့် သူ၏တမန်တို့အဖို့ပြင်ဆင်သောထာဝရမီးထဲသို့ ငါ့ထံမှခွဲသွားကြလော့" (မဿဲ ၂၅း၄၁)။ ခရစ်တော်၏စကားအရ၊ ငရဲမီးမည်သည့်အခါတွင်လောင်ကျွမ်းမည်နည်း။ "တောပင်တို့ကိုရွေးနုတ်၍ မီးရှို့သကဲ့သို့ ဤကမ္ဘာအဆုံး၌ဖြစ်လတ္တံ့။ လူသားသည် မိမိကောင်းကင်တမန်တို့ကိုစေလွှတ်ပြီးလျှင် မှားယွင်းစေသောသူတို့နှင့် မတရားသောအမှုကိုပြုသောသူတို့ရှိသမျှတို့ကို နိုင်ငံတော်ထဲကရွေးနုတ်၍ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာမီးဖို၌ချကြလတ္တံ့။" (မဿဲ ၁၃း၄၀–၄၂)။

ပေါင်းပင်၊ အဆိုးလုပ်သူများတို့သည် ကမ္ဘာကုန်ဆုံးသောအချိန်အခါ၌သာ မီးလောင်ကျွမ်းမည်ဖြစ်သည်။ ဤစီရင်ခြင်းကိုမပြုလုပ်မီ ဘုရားသခင်၏တရားစီရင်ခြင်းသည် မျှတမှန်ကန်ကြောင်း စကြဝဠာရှိလူအပေါင်းတို့သည် သိရကြမည်။ လမ်းညွှန် (၂၂) တွင်ဘုရားသခင်နှင့်စာတန်နတ်ဆိုးတို့၏အသေးစိတ်တိုက်လှန်ပွဲကိုတွေ့ရခဲ့ပြီ။ စာတန်နတ်ဆိုးသည် စကြဝဠာရှိလူသားများတို့ကို အပြစ်၏လမ်းသည်သာ၍ကောင်းသောလမ်းအဖြစ် ပြသသွန်သင်တိုက်တွန်းခဲ့သည်။ သို့ရာတွင် ခရစ်တော်ကနားထောင်ခြင်းသည် အသက်တာ၏ကျေနပ်ပြည့်စုံမှုကိုပေးသောသော့တစ်ခုဖြစ်ကြောင်း ပြခဲ့သည်။ အနှစ်တစ်ထောင်အဆုံးတွင် ထိုပြခဲ့သောမှန်ကန်ခြင်းတရားများတို့သည် စာတန်နတ်ဆိုးကိုခုံရုံးတင်ကာ စီရင်မည်။ အသက်စာစောင်မှတ်တမ်းများကိုဖွင့်သောအခါ လူသားတို့၏အကောင်းအဆိုးဖြစ်ရာဘဝအဆိုးအကောင်းများတို့အတိုင်းစီရင်၍ ဆိုးသောသူများဖြစ်သောစာတန်နတ်ဆိုးနှင့်အပေါင်းပါများကို သေခြင်းနှင့်တကွ သင်္ချိုင်းသို့ အဆုံးသတ်စီရင်မည်။ ဘုရားသခင်သည် သိုးသငယ်၏စာစောင်တွင် အမည်မရှိသောသူများတို့ကို မီးအိုင်ထဲသို့ပစ်ချမည် (ဗျာ၊ ၂၀း၁၄၊ ၁၅)။ ၎င်းကျမ်းတစ်ဆက်တည်းမှာပင် (ဗျာ၊ ၂၁း၁) ဘုရားသခင်သည် ဤလောကမြေကြီးကို မီးနှင့်သန့်ရှင်းစေပြီးမှ ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုဖန်ဆင်းတော်မူမည်။

## ၃။ ငရဲသည်မည်မျှလောက်ကြာမြင့်စွာလောင်ကျွမ်းမည်နည်း

ယုံကြည်သူများတို့သည် ငရဲမီးသည်ထာဝရလောင်ကျွမ်းမည်ဟုယုံကြည်သောကြောင့် ထာဝရညှဉ်းဆဲနှိပ်စက်ခြင်းဟု အဓိပ္ပါယ်သက်ရောက်သလိုဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် အပြစ်နှင့်အပြစ်သားများတို့ကို မည်ကဲ့သို့စီရင်ကြောင်းကို အကိုးအကားဖြင့်ပြန်လည်လေ့လာကြပါစို့။ "ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ဧဝံဂေလိတရားကိုနားမထောင်သောသူတို့ကို မီးလျှံအားဖြင့်ဒဏ်ပေးတော်မူသောအခါ သူတို့ကိုဆင်းရဲစေဖူးသောသူတို့၌ ဆင်းရဲခြင်းကိုလည်းကောင်း၊ ဆင်းရဲခံရသောသင်တို့၌ ငါတို့နှင့်အတူချမ်းသာခြင်းကိုလည်းကောင်း၊ ဘုရားသခင် ဆပ်ပေး၍ တရားသဖြင့်စီရင်တော်မူလိမ့်မည်" (၂သက် ၁း၈၊ ၉)။

သတိပြုရန်အချက်တစ်ခုမှာ– "ထာဝရဖျက်ဆီးခြင်း" ဟုဆိုရာ၌ ထာဝရညှဉ်းဆဲနှိပ်စက်ခြင်းဟုအနက်မဖော်ပါ။ ၎င်းအနက်မှာ ဖျက်ဆီးခြင်းသည် အရာတစ်ခုခုပျက်စီးသွားအောင်ဖျက်မည်ဟု အနက်သက်သောက်သည်။ ထာဝရသေခြင်းခံစားရခြင်းအကြောင်းမှာ ပေတရုက ဘုရားတရားမရှိသောသူတို့အားဖျက်ဆီးပစ်မည့်အကြောင်းဖြစ်သည် (၂ပေ ၃း၇)။ ခရစ်တော်၏သွန်သင်ချက်တရားကား၊ လူသည် ကိုယ်နှင့်ဝိညာဉ်သည် ငရဲတွင်ဖျက်ဆီးမည်ဟုလာသည် (မဿဲ ၁၀း၂၈)။ ခရစ်တော်၏တောင်ပေါ်တရားတော်တွင် လမ်းကျဉ်း (ကျဉ်းသောလမ်း) အသက်ရှင်ရမည်အကြောင်းနှင့် ကျယ်သောလမ်းထာဝရပျက်စီးခြင်းထဲသို့ပို့ဆောင်မည်အကြောင်း (မဿဲ ၇း၁၃၊ ၁၄) ယောဟန် ၃း၁၆ တွင်ခရစ်တော်ရှင်းပြချက်အရ၊

ထာဝရဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကိုပေးကြောင်း၊ သူ့အားယုံကြည်သူများထာဝရအသက်ရမည့်အကြောင်းဟောကြားထားသည်။ ခရစ်တော်သည် ငရဲကြမ္မာနှစ်ခုအကြောင်းကိုနှိုင်းယှဉ်ပြထားသည်။ ၎င်းတို့နှစ်ခုမှာ ထာဝရဟူသောစကားသည် အချိန်အခါနှင့်ပတ်ဝန်းကျင်အပေါ်အမှီပြုသောကြောင့် အဆုံးသည်ရောက်ရစမြဲဖြစ်သည်။ ကျမ်းစာ၏ရှင်းလင်းပြတ်သားသောစကားအရ၊ ဆိုးညစ်သောသူတို့သည် ဖျက်ဆီးခြင်းခံရမည်။ "မတရားသောသူ၏သားမြေးတို့မူကား ပယ်ရှင်းခြင်းကိုခံရကြလိမ့်မည်" (ဆာလံ ၃၇:၂၈)။ သူတို့သည် ပျက်စီးခြင်းသို့ရောက်မည် (၂ပေ ၂:၁၂)။ "သူတို့သည် မီးခိုးကဲ့သို့ပျောက်သွားမည်" (ဆာလံ ၃၇:၂၀)။ မီးသည်လောင်ကျွမ်း၍ပြာဖြစ်မည် (မာလခိ ၄:၁–၃)။ အပြစ်အခသည် သေခြင်းပေတည်း။ ထာဝရဘုရားသခင်၏ကျေးဇူးတော်ကား ထာဝရအသက်ဖြစ်၏ (ရောမ ၆:၂၃)။ ငရဲမီး၏နောက်ဆုံးစီရင်ခန်းမှာ စကြဝဠာရှိအပြစ်များကိုဖယ်ရှားရန်နှင့် ထာဝရအပြစ်များကိုဖယ်ထုတ်ရန်ဖြစ်သည်။ ခရစ်တော်သည် တစ်ယူသန်မိုက်မဲဆိုးညစ်နေသောယေရုရှလင်မြို့နှင့် သူ့ကိုသတ်ဖြတ်ခဲ့သောသူများတို့ကို ထာဝရစောင့်မျှော်ကြည့်ရှုနေရန် သူ့အတွက်စဉ်းစားရခက်ပေမည်။ ထို့ကြောင့် အပြစ်သားများတို့သည် ထာဝရငရဲတွင်လောင်ကျွမ်းနေမည်ဟူသောစကားသည် ယုတ္တိရှိနိုင်မည်မဟုတ်ပါ။

ငရဲဆိုသည့်စီရင်ခြင်းမှာ ဇကန်အမှန်အဆုံးရှိပါသည်။ အနှစ်တစ်ထောင်အဆုံးတွင် ဘုရားသခင်သည် ကောင်းကင်မှမီးမိုးရွာချ၍ နတ်ဆိုး၊ သူ၏အပေါင်းပါများနှင့် အပြစ်သားများတို့ကို "အဆုံး" စီရင်မည်။ မီးသည် ကောင်းကင်မှကျလာ၍ သူတို့ကိုလောင်ကျွမ်းမည် (ဗျာ၊ ၂၀:၉)။ ခရစ်တော်၏စကားအရ၊ မသတ်နိုင်သောမီး (မဿဲ ၃:၁၂) အနက်မှာ ဤအပြစ်သားများတို့ကိုမီးလောင်ကျွမ်းသည့်အခါ ဘယ်မီးသတ်အဖွဲ့အစည်းမှမီးလောင်၍မကုန်မချင်း မီးသတ်၍မရပါဟုဆိုလိုခြင်းဖြစ်သည်။

ဘုရားသခင်၏ကတိတော်အရ၊ မီးဖြင့်ဆေးကြောသန့်စင်ပြီးလျှင် ကမ္ဘာကြီးကိုအသစ်ဖန်ဆင်း၍ အတိတ်သည်အတိတ်တွင်ပင်ရှိနေမည်။ အနက်သဘောတရားမှာ မည်သည့်အရာကိုမျှသတိရတော့မည်မဟုတ်ပါ။ ငိုကြွေးမြည်တမ်းခြင်း၊ စိတ်ဆင်းရဲအော်ဟစ်ခြင်းအသံများလုံးဝမကြားရတော့ပါ (ဟေရှာယ ၆၅:၁၆–၁၉)။

၎င်းနေ့ရက်သည် မည်မျှပျော်ရွှင်သာယာဝမ်းမြောက်မည်ကိုစဉ်းစားဖို့ရန်သာလို၏။ အကြောင်းမှာ– နလုံးကြေကွဲဝမ်းနည်းခြင်းတို့သည် ပျောက်ကွယ်သွားတော့မည်ဖြစ်သည်။ ဘုရားသခင်သည် အပြစ်၏နာကျင်ခြင်းများတို့ကို ကျွန်ုပ်တို့၏ခံစားမှုများမှထုတ်ပယ်၍ ပြည့်စုံသောဝမ်းမြောက်ခြင်းနှင့်နှစ်သိမ့်မည်ဖြစ်သည်။

## **၄။ (ထာဝရ) ဟူသောကျမ်းစာတော်မြွတ်မှစကား**

မဿဲ ၂၅:၄၁ တွင်ခရစ်တော်၏စကားအရ၊ စာတန်နတ်ဆိုးနှင့်သူ၏အပေါင်းပါတို့ကို ထာဝရမီးဖြင့်စီရင်မည်ဟူသောအချက်က ငရဲသည်ထာဝရရှိနေမည်ဟူသော (ယုဒ ၇) တွင်ပါရှိသည့်အဖြစ်အပျက်မှာ သောဒုံနှင့်ဂေါမောရအကြောင်းနှင့်ပတ်သက်၍ ထာဝရမီးဖြင့်စီရင်ကြောင်းကိုကြည့်ခြင်းဖြင့် ထာဝရဆိုသောစကား၏အနက်ကိုသိရှိနိုင်သည်။ ယခုထိုမြို့များတို့သည် မီးလောင်လျက်မနေတော့ပါ။ ထာဝရမီးဟူသောအနက်မှာ ဖျက်ဆီးမည့်အရာများတို့သည် မကုန်မချင်းလောင်ကျွမ်းမည်ဟူသောအနက်သက်ရောက်သည်။

၂ပေ ၂:၆ တွင်တစ်ဖန်ထပ်ဆင့်၍ ထာဝရမီးဟုဖေါ်ပြထားပါသည်။ ကျမ်းစာ၏ပြတ်သားတိကျသောဘုရားသခင်၏စီရင်ခြင်းမှာ သောဒုံနှင့်ဂေါမောရလောင်ကျွမ်းခြင်းသည် ပြာအထိလောင်ကျွမ်း၍ နောင်လာနောက်သားများတို့အတွက်ပုံနမူနာအဖြစ် အပြစ်သားများတို့ကိုအဆုံးစီရင်မည်ဖြစ်ကြောင်းပြသသည်။ သောဒုံနှင့်ဂေါမောရမြို့သားတို့သည် ယနေ့အချိန်အထိမီးလောင်ကျွမ်းနေသောအဖြစ်အပျက်ကိုကျွန်ုပ်တို့မမြင်ရပါ။ ထိုမြို့သားတို့သည် ရှေးမဆွကပင်ပြာဖြစ်ခဲ့ကြောင်းကိုသာသိခဲ့ရပါသည်။ ထို့ကြောင့် ထာဝရမီးဟူသောဝေါဟာရသည် ထာဝရပျက်ဆီးခြင်းနှင့်အဆုံးသတ်ခြင်းကိုအဓိပ္ပါယ်ဖေါ်ထုတ်သည်။ **Revelation** ကျမ်းတွင်လည်း စာလုံးစာသားများအားဖြင့် ကွင်းကွင်းကွက်ကွက်

ရေးသားကာမှတ်တမ်းတင်ခဲ့သောကြောင့် အများသောလူသူစိတ်တွင်နားလည်မှုကွဲလွဲနေပါသည်။ ဥပမာအနေဖြင့် ဗျာ၊ ၁၄း၁၁ တွင်ဖျက်ဆီးခြင်းခံရသောသူတို့၏လောင်ကျွမ်းသည့်မီးခိုးသည် ထာဝရတက်လျက်နေကြောင်းသိရသည်။ ထိုစကား၏အနက်သည် အပြစ်သားများတို့သည် မသေဘဲနာကျင်စွာခံစားနေခြင်းသဘောမျိုးသက်ရောက်သည်။ ထို့ကြောင့် ကျမ်းစာအားဖြင့် ကျမ်းစကားအနက်အချို့ကိုဖေါ်ပြရလျှင် ထွက်မြောက် ၂၁း၆ တွင်ရှေးသခင်နှင့်ကျွန်တို့လုပ်ရိုးလုပ်စဉ် ထုံးတမ်းဓလေ့များမှာ ကျွန်တစ်ယောက်သည် သခင်နှင့်အတူထာဝရနေမည်ဟုဆုံးဖြတ်လျှင် သူ၏ကျွန်ကိုအထိမ်းအမှတ် အနေဖြင့်နားဖေါက်ပေးရပါသည်။ ထိုအခါ ထိုကျွန်သည် သခင်၏ကျွန်ထာဝရကာလပတ်လုံးဖြစ်လာတော့သည်။ လူ၏သက်တမ်းအရ၊ ထိုကျွန်သည် သူ၏အသက်ရှင်သမျှကာလပတ်လုံးနှင့် ထာဝရဟူသောစကားသည်တူညီကြောင်း သိရသည်။ ယောနသည် သုံးရက်နှင့်သုံးညတိတိဝေလငါး၏ဝမ်းတွင်းတွင် (မဿဲ ၁၂း၄၀)။ ယောနအသုံးပြုထားသော စကားမှာ ကျွန်ုပ်သည် ငါးကြီးဝမ်းတွင်းတွင်ထာဝရနေခဲ့ရကြောင်း (ယောန ၂း၆)။ အမှန်တကယ်ဆိုရလျှင် ထိုငါးကြီး၏ ဝမ်းတွင်းတွင်သုံးရက်ခန့်နေရခြင်းကို ထာဝရနေရခြင်းနှင့်တူညီကြောင်း နှိုင်းယှဉ်ဖေါ်ပြထားသည်။ ထို့ကြောင့် ကျမ်းစာ၏ ကိုးကားဖေါ်ပြထားသောစကားနှင့် ကဗျာဆန်သောစာသားများတို့ဖြင့်ဖေါ်ပြထားသောအချက်များတို့ကို အဖြစ်အပျက် အမှန်ဖြင့်နားလည်ပေးရလိမ့်မည်။ မီးအိုင်ထဲမှထွက်ပေါ်လာသောထာဝရမီးခိုးဟုဆိုရာတွင် အဆုံးအစမရှိသောထာဝရ စီရင်ခြင်းထက် ထာဝရပျက်စီးခြင်းကိုသာနားလည်ပေးရမည်။ ဗျာ၊ ၂၁း၈ တွင် "ကန့်နှင့်လောင်သောမီးအိုင်ထဲ၌" ဒုတိယသေခြင်းသည် ငရဲ၏အဆုံးဟုအနက်သက်ရောက်သည်။ အပြစ်သားများတို့သည် မီးလောင်ကျွမ်းသည်။ သူတို့ သည်ပျက်စီးကုန်သည်။

## ၅။ ငရဲသည်ဘာ့ကြောင့်ရှိရန်လိုသနည်း

ကမ္ဘာဦး၌ ဘုရားသခင်သည်ပြည့်စုံစွာဖန်ဆင်းခဲ့သည်။ သို့ရာတွင် အပြစ်ရောက်လာ၍ ဒုက္ခအခက်အခဲပျက်စီး ခြင်းနှင့် သေခြင်းနှင့်ရင်ဆိုင်ရသည်။ အကယ်၍သင်သည် အိမ်သို့ပြန်လာသောအခါ ဖေါက်ထွင်းမှုနှင့်ပျက်စီးမှုများကို တွေ့မြင်ရသောအခါ ၎င်းအတိုင်းထာဝရထားမည်လော။ ထိုပျက်စီးသောအရာများကိုပြုပြင်မည်။ အကယ်၍ အိမ်ထောင် ပရိဘောဂများပျက်စီးလျှင် လွှင့်ပစ်မည်။ ဘုရားသခင်သည်လည်း ထိုနည်းတူပြုလုပ်မည်။ ဘုရားသခင်သည် ညစ်ပေ ပျက်စီးယိုယွင်းနေသောကမ္ဘာကြီးကို ထပ်မံကာအသစ်တစ်ဖန်ပြုလုပ်မည်။ ဘုရားသခင်၏အစီအစဉ်အရ မီးဖြင့်ဆေးကြော သုတ်သင်ပြီးသည့်နောက် ပြည့်စုံသောကမ္ဘာကြီးဖြစ်လာသောအခါ ကယ်တင်ခြင်းခံရသောသူများအတွက် နေစရာအစီအစဉ် ရှိသည်။

ဤကမ္ဘာကြီးသည် အပြစ်ကြောင့်အဆင်းအင်္ဂါပျက်စီးသောကြောင့် လူ၏အဆင်းအင်္ဂါသည်လည်း ဆက်နွှယ် နေသောကြောင့်ပျက်စီးပါသည်။ အပြစ်သည် လူနှင့်ဘုရားသခင်သော်လည်းကောင်း၊ လူအချင်းချင်းသော်လည်းကောင်း ဖျက်ဆီးခဲ့ပါသည်။ လူ၏အကျင့်များမှာ ကလေးငယ်များကိုညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကျင့်သုံး ခြင်း၊ တဏှာရာဂစိတ်ပေါ်ပေါက်ရန် နှိုးဆော်မှုဓလေ့မိုက်များကိုကျင့်သုံးခြင်းနှင့် ဝိညာဉ်ရေးပျက်ပြားစေသောစရိုက် များကိုကျင့်သုံးစေခြင်းများဖြစ်သည်။ ထို့ကြောင့် တစ်နေ့ဘုရားသခင်သည် ဤစရိုက်ကြမ်းများတို့ကိုဖျက်ဆီးသုတ်သင် ပစ်ရမည်။ လူများတို့၏ဤမကောင်းသောမိုက်မှားမှုတို့ကြောင့် ခရစ်တော်ကိုလက်ဝါးကပ်တိုင်ပေါ်သို့တင်ခဲ့ပါသည်။ သို့ရာတွင် နောင်တရသူများအတွက် "ကိုယ့်အပြစ်တို့ကိုဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ အပြစ်ရှိသမျှ နှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည်သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံ တော်မူ၏။" (၁ယော ၁း၉)။ ဘုရားသခင်သည် အပြစ်၏ပြဿနာအခက်အခဲများအတွက် လူသားများအားလုံးကို ဖြေရှင်းရန်အဖြေပေးထားပါသည်။ ဤကဲ့သို့ပေးသော်လည်း လူအများတို့သည် ထိုအပြစ်ပူးဝင်စွဲကပ်မှုကို ဖြောင့်မတ် ခြင်းတရားထက်နှစ်သက်၏။ ဘုရားသခင်သည်လည်း လူများတို့ကိုအကြမ်းနည်းဖြင့် ထာဝရအသက်ရရန်မတိုက်တွန်းပါ။

ဘုရားသခင်၏မစကူညီခြင်းကိုငြင်းပယ်သောသူတို့သည် အပြစ်ရောဂါမီးဖြင့်လောင်ကျွမ်းခြင်းကိုခံရမည်။ ထို့ကြောင့် ငရဲရှိရခြင်းအကြောင်းရင်းမှာ "သင်တို့ကိုငါရေတွက်၍ ဓါး၌အပ်မည်။ ရှိသမျှတို့သည်အသေသတ်ခြင်းကိုခံရအောင် ဦးချရကြလိမ့်မည်။ အကြောင်းမူကား သင်တို့သည် ငါခေါ်သောအခါမထူးကြ၊ ငါပြောသောအခါနားမထောင်ကြ၊ ငါ့မျက်မှောက်၌မကောင်းသောအကျင့်ကိုကျင့်ကြ၏။ ငါမနှစ်သက်သောအရာကိုရွေးယူကြ၏" (ဟေရှာယ ၆၅း၁၂)။ လူသည် မိမိသဘောအရ ခရစ်တော်နှင့်အဆက်ဖြတ်ခဲ့သောကြောင့် ဆိုးညစ်သောသူတို့သည် ရွေးချယ်ခွင့်မရှိတော့ဘဲ ထာဝရသေခြင်းသာရတော့၏။

## ၆။ ပျောက်ဆုံးရခြင်း၏ဆုလာဘ်

ကျမ်းစာအရ၊ ငရဲမီးသည် ထာဝရလောင်ကျွမ်းခြင်းမရှိ။ လူသည်လည်း ထာဝရခံစားရခြင်းမရှိ။ သို့ရာတွင် အတွေ့၏မြင်ကွင်းတွင် ဝမ်းနည်းဖွယ်ရာခံစားရခြင်းသာဖြစ်၏။ အပြစ်သားများတို့သည် ထာဝရအသက်ပျောက်ဆုံးခြင်းကိုမြင်လိုက်ရမည်။ ပြင်းထန်သောခံစားမှုကြောင့် ဘုရားသခင်နှင့်အတူနေရခြင်းနှင့် ထာဝရပျောက်ကွယ်သွားကြောင်း နားလည်သဘောပေါက်သွားသည်။ ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်တွင် လောက၏အပြစ်ကြောင့် မိမိအဘနှင့်ခွဲခွါရခြင်းကို ထာဝရပျောက်ဆုံးသကဲ့သို့ခံစားရပေမည်။ ထို့နည်းတူ အပြစ်သားများတို့သည် သံသရာအခြေအနေကိုတွေးဆကာ မျက်မှောက်ပျက်စီးခြင်းနှင့်သာရင်ဆိုင်ရတော့မည်။ သူတို့အတွက်ဒုတိယထမြောက်ရှင်ပြန်ခြင်းမရှိတော့ပါ။ ခရစ်တော်၏ ထပ်ခါတလဲလဲပေးသောမေတ္တာနှင့်တောင်းပန်ဖိတ်ခေါ်မှုများတို့ကိုငြင်းဆန်ခဲ့ကြောင်းကိုသာတွေးဆသတိရနေမည်ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားသခင်၏စီရင်ခြင်းသည် တရားဖြောင့်မတ်ကြောင်းနှင့် သူ၏မေတ္တာသည် မှန်ကန်ကြောင်းသက်သေခံသည် (ဖိလိပ္ပိ ၂း၁၀၊ ၁၁)။ ထို့ကြောင့်ကျမ်းစာသည် ကျွန်ုပ်တို့အားခရစ်တော်၏တောင်းပန်သံနှင့်ရွေးချယ်မှုကိုရယူရန် တိုက်တွန်းထားသည်။ "သင်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကိုအကျိုးမဲ့မခံကြနှင့်ဟု ငါတို့သည်အမှုတော်ကို ဆောင်ရွက်သောသူချင်းဖြစ်၍ သင်တို့ကိုနှိုးဆော်သွေးဆောင်ကြ၏။ ဗျာဒိတ်တော်အချက်ဟူမူကား၊ နှစ်သက်ဖွယ်သော အချိန်၌ သင်၏စကားကိုငါနားထောင်ပြီ။ ကယ်တင်ရန်နေ့ရက်ကာလ၌ သင့်ကိုငါမစမည်ဟုလာသည်နှင့်အညီ ယခုပင် နှစ်သက်ဖွယ်သောအချိန်ရှိ၏။ ယခုပင်ကယ်တင်ရာနေ့ရက်ကာလရှိ၏" (၂ကော ၆း၁၊ ၂)။

တန်ဖိုးမဖြတ်နိုင်သောခရစ်တော်ပေးသည့်အချိန်အခါနှင့်အခွင့်အရေးကို သင်သည်လက်လွတ်မိခဲ့လျှင် ဆုံးရှုံးခြင်းဖြင့်သာ သင်၏အသက်တာကိုနိဂုံးချုပ်ရပေမည်။ ကျွန်ုပ်တို့၏ရှေ့တွင်ရှိသောလမ်းနှစ်သွယ်မှာ ပြတ်သားထင်ရှားသော သေခြင်းလမ်း (သို့တည်းမဟုတ်) ထာဝရအသက်နှင့်ဘုရားသခင်၏ရှေ့တော်တွင်ထာဝရနေရမည့်အသက်ရှင်ခြင်းလမ်း ဖြစ်သောကြောင့် သင်သည် သင်၏အတွက်ယနေ့တွင်မည်သည့်လမ်းကိုရွေးချယ်မည်နည်း။

–၀–

## ရှာဖွေတွေ့ရှိခြင်း (၂၃) အဖြေလွှာ
## ငရဲဆိုသည်မှာ မည်သည့်အရာဖြစ်သနည်း၊ အဘယ်မှာရှိသနည်း

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။ အဖြေနှစ်ခုတွင်တစ်ခုမှားသည်။

၁။ အနှစ်ခြောက်ထောင်ပတ်လုံးခရစ်တော်သည် အပြစ်သားများတို့အား သူ့အားလက်ခံရန်နှင့် ကယ်တင်ခြင်းရရန်ဖိတ်ခေါ်လျက်နေသည်။

------ ကျမ်းစာရှိပုရောဖက်တို့အားဖြင့်။

------ လက်ဝါးကပ်တိုင်ပေါ်မှာခရစ်တော်၏နာကျင်သောအသံအားဖြင့်။

ခရစ်တော်ကယ်တင်ခြင်းပေးရန်ကြိုးစားခဲ့သော်လည်း ငရဲ၌သာဖျက်ဆီးခဲ့ရခြင်း။

------ အဖဘုရားသခင်နှင့်ခရစ်တော်အတွက်ဝမ်းသာခြင်းသာဖြစ်မည်။

------ ခရစ်တော်အတွက်ဝမ်းနည်းဖွယ်ရာအချိန်သာဖြစ်မည်။

၂။ မီးသည် ငရဲဖြစ်မည့် မည်သည့်နေရာတွင်လောင်ကျွမ်းမည်နည်း။

------ အချိန်ကာလဆုံးသောအခါ၌ ဤမြေကြီးပေါ်တွင် ဘုရားသခင်သည်မီးအားဖြင့်ဆေးကြောတော်မူမည်။

------ မြေအောက်ရှိစာတန်နတ်ဆိုးအားညှဉ်းဆဲသောနေရာဖြစ်မည်။

ယနေ့ငရဲတွင်ရှိမည့်လူဦးရေ။

------ လူတစ်ယောက်မျှမရှိပါ။

------ လူသန်းပေါင်းများစွာရှိမည်။

ငရဲမီးမည်သည့်အချိန်တွင်လောင်ကျွမ်းမည်နည်း။

------ အနှစ်တစ်ထောင်ကာလပြီးဆုံး၍ တရားစီရင်ခြင်းပြီးဆုံးသောအခါ။

------ ယခုမီးလောင်လေသည်။

၃၊၄။ အပြစ်သားများတို့၏စီရင်ခြင်းမှာ မည်သည့်အရာဖြစ်သနည်း။

------ ထာဝရပျက်စီးခြင်း။

------ ထာဝရမဆုံးနိုင်သောငရဲတွင်အပြစ်ပေးခြင်း။

မီးသည်ငရဲတွင်မည်မျှကြာစွာလောင်ကျွမ်းမည်နည်း။

------ ထာဝရကာလပတ်လုံး။

------ စာတန်နတ်ဆိုး၊ သူ၏အပေါင်းပါတမန်များနှင့် အပြစ်သားများတို့သည်ပြာဖြစ်သည်အထိလောင်ကျွမ်းမည်။

------ ဤမြေကြီးကိုအပြစ်မှသန့်ရှင်းစေ၍ ကယ်တင်ခြင်းခံရသူများ၏အိမ်ဖြစ်လာသောအခါအထိ။

၅။ ဘုရားသခင်သည် ငရဲကိုသူ၏အကြံအစည်တွင်ထားရခြင်းအကြောင်းရင်းမှာ–

------ ပြည့်စုံခြင်း၊ ထာဝရအိမ်ကိုကယ်တင်ခြင်းခံရသောသူတို့အတွက်ပေးရန်စီစဉ်ခြင်းဖြစ်သည်။

------ လူများတို့ကိုခြိမ်းခြောက်ခြင်းအားဖြင့် သူတော်စင်သူတော်ကောင်းများဖြစ်လာရန်။

------ အပြစ်သည် လူကိုဖျက်ဆီးသောကြောင့် အပြစ်ကိုဖျက်ဆီးရန်။

**နှလုံးသားမေးခွန်း**

အပြစ်သည် ပြည့်စုံခြင်းရှိသောဘုရားသခင်၏ကမ္ဘာကြီးကိုဖျက်ဆီးသည်။ လက်ဝါးကပ်တိုင်ပေါ်၌ ခရစ်တော်၏သေရခြင်းမှာ ကမ္ဘာကြီးကိုစာတန်နတ်ဆိုး၏လက်မှပြန်လည်ရရှိရန်၊ အပြစ်နှင့်မကောင်းဆိုးဝါးများကိုဖျက်ဆီးသန့်စင်ပစ်ရန်၊ အပြစ်နှင့်သေခြင်းကိုမှတ်တမ်းမှပယ်ဖျက်ပစ်ရန် ကျွန်ုပ်တို့၌ရွေးချယ်ခြင်းရှိပါသည်။

ထာဝရပျက်စီးခြင်း (သို့တည်းမဟုတ်) ခရစ်တော်နှင့်အတူထာဝရအသက်ရခြင်း။ ခရစ်တော်သည် ကယ်တင်ခြင်းပေးသော်လည်း သေခြင်းကိုသာရွေးသောအပြစ်သားများတို့အတွက် စိတ်မည်မျှထိခိုက်မည်နည်း။

သင်သည် ကယ်တင်ခြင်းခံရသောအသိုက်အဝန်း၌ပါဝင်ခြင်းဖြင့် ခရစ်တော်ကိုဝမ်းမြောက်စေမည်လော။

–ဝ–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**-------------------------------

**လမ်းနှင့်အိမ်အမှတ်**----------------------

**မြို့**----------------------------------

**နယ်**---------------------------------

**ကိုးကွယ်သည့်ဘာသာ**---------------------